NEW YORK STATE | Department of Health



## နယူးယောက်ပြည်နယ်ရှိ ပိုမိုကျန်းမာစေရေး အစီအစဉ်တစ်ခု-

# ကာကွယ်ရေးလုပ်ငန်းစဉ်

## ကျွန်ုပ်တို့ ဘယ်လောက်အထိ ကျန်းမာကြသလဲ။ ကျွန်ုပ်တို့ ကျန်းမာရေးကို ဘယ်လို ပိုမို တိုးတက်စေမလဲ။

ဤမေးခွန်းများအတွက် အဖြေများကို 2025-2030 ကာကွယ်ရေးလုပ်ငန်းစဉ် (Prevention Agenda) တွင် ရှာတွေ့နိုင်ပါသည်။ ၎င်းသည် နယူးယောက်ပြည်နယ်တွင် နေထိုင်သူတိုင်း၏ ကျန်းမာရေးနှင့် ချမ်းသာသုခကို တိုးတက်စေရေးအတွက် ခြောက်နှစ်တာ အစီအစဉ်တစ်ခု ဖြစ်သည်။ ၎င်းကို နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန (New York State Department of Health) က ဖန်တီးရေးဆွဲပြီး နယူးယောက်ပြည်နယ်၏ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေးအစီအစဉ် (New York State’s Health Improvement Plan, SHIP) ဟုလည်း ခေါ်သည်။ ဝင်ရောက်ကြည့်ရှုပါ- **health.ny.gov/PreventionAgenda**

**▲ ကာကွယ်ရေးလုပ်ငန်းစဉ်ကိုရယူရန် စကန်ဖတ်ပါ**

**ကာကွယ်ရေးလုပ်ငန်းစဉ်သည် အောက်ပါတို့ကို နှစ်မြှုပ်လုပ်ကိုင်သည်-**

- **နယူးယောက်ပြည်နယ်ရှိ လူတိုင်းအား အမြင့်ဆုံးကျန်းမာရေးအဆင့် ရရှိပိုင်ဆိုင်နိုင်ခွင့် ပေးခြင်း**
- **ကာကွယ်ခြင်း-** နာမကျန်းမှုနှင့် ကျန်းမာရေးရလဒ်ဆိုးများ သို့မဟုတ် အဖြေဆိုးများ မဖြစ်ပွားမီ တားဆီးခြင်း
- **ကွာဟချက်များ လျှော့ချခြင်း-** လူတို့၏ ကျန်းမာရေး၊ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် ဘဝအနှစ်သာရတို့အပေါ် ဆိုးကျိုးသက်ရောက်စေသော သဘာဝပတ်ဝန်းကျင်ရှိ အခြေအနေများ မည်သို့ပင်ရှိစေကာမူ ၎င်းသည် ဖြစ်နိုင်သမျှ အကျန်းမာဆုံးဖြစ်နေခွင့်ကို လူတိုင်းအား မျှမျှတတ ပေးခြင်းဖြစ်သည်။ ဥပမာ- လမ်းလျှောက်ရန် ဘေးမကင်းသော နေရာများ သို့မဟုတ် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ရရှိပိုင်ခွင့် မရှိခြင်း



## အကျဉ်းချုပ် ခြုံငုံဖော်ပြချက်

ကာကွယ်ရေးလုပ်ငန်းစဉ်ကို လှန်လှောဖတ်ရှုပါ၊ ၎င်းတွင် အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားကြောင်း သင် တွေ့ရမည်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ နေထိုင်ရာနေရာကဲ့သို့ နေ့စဉ်ဘဝနေထိုင်မှု၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များအပေါ် အလေးပေးဖြေရှင်းရန် ကျွန်ုပ်တို့၏ကျန်းမာရေးအပေါ် လွှမ်းမိုးသက်ရောက်သော အစဉ်အလာအကြောင်းအရင်းများထက်ပို၍ လေးနက်ပါသည်။ ကာကွယ်ရေးလုပ်ငန်းစဉ်သည် ကျန်းမာရေးအခြေအနေများ၊ အပြုအမူများနှင့် စနစ်ဆိုင်ရာ ပြဿနာရပ်များ (စနစ်အလုပ်လုပ်ပုံကြောင့်ဖြစ်သော ပြဿနာများ) ကို ကိုင်တွယ်ဖြေရှင်းရန် အဓိကဦးစားပေး 24 ချက်ကို အသားပေးဖော်ပြထားသည်။ ယင်းတို့တွင် ဆင်းရဲမွဲတေမှု၊ ပညာရေး၊ အိမ်ရာနှင့် အဆင့်မီကျန်မားရေးစောင့်ရှောက်မှု ရရှိခွင့်တို့ ပါဝင်သည်။

## ကာကွယ်ရေးလုပ်ငန်းစဉ်က မည်သို့ အလုပ်လုပ်သနည်း။



ကာကွယ်ရေးလုပ်ငန်းစဉ်သည် ပြည်နယ်ကျန်းမာရေးဌာနနှင့် ပြည်နယ်တစ်ခွင် ကျန်းမာရေးနယ်ပယ်တွင် အလုပ်လုပ်နေသူများအကြားရှိ မိတ်ဖက်ဆောင်ရွက်မှုတစ်ခု ဖြစ်သည်။ ဌာနသည် ဒေသဆိုင်ရာ ကျန်းမာရေးဌာနများ၊ ဆေးရုံများ၊ လူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ ရှေ့နေများ၊ အသိပညာမျှဝေပေးသူများ၊ အခြားပြည်နယ်အေဂျင်စီများနှင့် မူဝါဒရေးဆွဲသူများနှင့်အတူ လက်တွဲလုပ်ဆောင်သည်။ ယင်းအဖွဲ့များသည် လူမှုအသိုင်းအဝိုင်းတစ်ခုစီ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြည့်ဆည်းပေးရန် ရင်းမြစ်များကို ဖန်တီးကြံဆပြီး စေ့စေ့စပ်စပ် အသုံးပြုခြင်းဖြင့် ၎င်းတို့၏နေ့စဉ်အလုပ်တွင် ကာကွယ်ရေးလုပ်ငန်းစဉ်ကို ကျင့်သုံးသည်။



## ၎င်းကို မည်သို့ ဖန်တီးထားသနည်း။

ကျွန်ုပ်တို့သည် ပထမဦးစွာ နယူးယောက်ပြည်နယ်၏ လက်ရှိ ကျန်းမာရေးအခြေအနေ၊ ခေတ်ရေစီးကြောင်းများနှင့် ပြည်သူ့ကျန်းမာရေး၏ ထိပ်တန်းပြဿနာရပ်များကို သိရှိရန် လိုအပ်ခဲ့သည်။ ကျွန်ုပ်တို့သည် အလုပ်တာဝန်များနှင့် ရန်ပုံငွေများ ခွဲဝေနည်းကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ခဲ့သည်။ ယင်းမေးခွန်းများကို ဖြေဆိုနိုင်ရန် ကျွန်ုပ်တို့သည် ပြည်နယ်ကျန်းမာရေး အကဲဖြတ်မှု (State Health Assessment, SHA) သို့မဟုတ် သုံးသပ်မှုကို ပြုလုပ်ခဲ့သည်။ ၎င်းသည် ကာကွယ်ရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာတွင် လမ်းညွှန် ဖြစ်လာခဲ့သည်။



## ကာကွယ်ရေးလုပ်ငန်းစဉ် အကြောင်း လေ့လာပါ

ပိုမိုလေ့လာနိုင်ရန် ကာကွယ်ရေး လုပ်ငန်းစဉ် ဝက်ဘ်ဆိုဒ်သို့ ဝင်ကြည့်ပါ။

ဝင်ရောက်ကြည့်ရှုပါ-
**health.ny.gov/PreventionAgenda**



## ကာကွယ်ရေး လက်တွေ့ လုပ်ဆောင်ချက်ကို ကြည့်ရှုပါ

ကာကွယ်ရေးလုပ်ငန်းစဉ် ဒက်ရှ်ဘုတ် (Prevention Agenda Dashboard) ကို သုံးသပ်ကြည့်ရှုခြင်းဖြင့် ၎င်းတို့၏ တိုးတက်မှုကို ခြေရာခံစောင့်ကြည့်ပါ။

ဝင်ရောက်ကြည့်ရှုပါ-
**health.ny.gov/PreventionAgendaDashboard**



## ပါဝင်ဆောင်ရွက်နည်း

ကျွန်ုပ်တို့သည် မိတ်ဖက်အသစ်များကို ကြိုဆိုပါသည်။ ထပ်ဆောင်း အချက်အလက်များကိုသိနိုင်ရန် Partnerships and Collaboration (မိတ်ဖက်ဆောင်ရွက်မှုများနှင့် ပူးပေါင်းလုပ်ဆောင်မှု) တဘ်ကို ရှာကြည့်ပါ။

ဝင်ရောက်ကြည့်ရှုပါ-
**health.ny.gov/PreventionAgenda**

NEW YORK STATE | Department of Health